MIGA | Multilateral Investment Guarantee Agency
WORLD BANK GROUP

သတင်းထုတ်ပြန်ချက်
ချက်ချင်း ထုတ်ပြန်ရန်

---

# MIGA ခေါင်းဆောင် မြန်မာနိုင်ငံသို့ လာရောက်

**၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်၊ ဂါရှင်တန် ဒီစီ** – ကမ္ဘာ့ဘဏ်အုပ်စု၏ နိုင်ငံရေး အန္တရာယ်များကို အာမခံရေးနှင့် ချေးငွေထုတ်ပေးမှု မြှင့်တင်ရေးကို ဆောင်ရွက်ပေးသည့် ရင်းနှီးမြှုပ်နှံမှု အာမခံရေး ဘက်စုံ အေဂျင်စီ (Multilateral Investment Guarantee Agency, MIGA) ၏ ဒုတိယ ဥက္ကဌနှင့် အမှုဆောင်အရာရှိချုပ် တာဝန်များကို ထမ်းဆောင်လျက်ရှိသည့် မစ္စ ကေးကို ဟွန်ဒါ (Keiko Honda) သည် မြန်မာနိုင်ငံသို့ အောက်တိုဘာလ၂၂ နှင့် ၂၄ ရက်များအတွင်း လာရောက်မည်ဖြစ်သည်။ ယခု ခရီးစဉ်တွင် MIGA ၏ အဖွဲ့ဝင်နိုင်ငံအသစ်ဖြစ်လာသည့် မြန်မာနိုင်ငံအနေနှင့် ၎င်း၏ ဖွံ့ဖြိုးရေး အလားအလာများအား ရရှိနိုင်ရေးတွင် အထောက်အကူပြုနိုင်ရန်အတွက် အေဂျင်စီ၏ ကတိပြုထားချက်အား ပိုမို ခိုင်မာစေရန်ဖြစ်ပါသည်။ ယခု ခရီးစဉ်သည် MIGA ခေါင်းဆောင်တစ်ဦးအနေနှင့် မြန်မာနိုင်ငံသို့ ပထမဦးဆုံးအကြိမ် လာရောက်ခြင်းဖြစ်ပါသည်။

ယခု ခရီးစဉ်အတွင်း မစ္စဟွန်ဒါသည် အစိုးရ တာဝန်ရှိသူများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် တွေ့ဆုံသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား၊ အခြား အခြေခံ အဆောက်အအုံများနှင့် ဘဏ္ဍာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အရေးတကြီးလိုအပ်ချက်များကို ပါဝင်ကူညီရန် MIGA ဘက်မှ အသင့်ရှိနေကြောင်းကို အလေးပေး ပြောကြားသွားမည်ဖြစ်သည်။ ထို့အပြင် အမျိုးသမီးများအတွက် အခွင့်အလမ်းများ ပိုမို ဖန်တီးပေးရန် ထောက်ခံ ပြောဆိုသွားမည်ဖြစ်ပါသည်။

"မြန်မာနိုင်ငံဟာ လမ်းဆုံလမ်းခွကို ရောက်ရှိနေချိန်ဖြစ်လို့ နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုတွေ အောင်မြင်နိုင်ဖို့ အားပေးကူညီနိုင်မယ့် ရင်းနှီးမြှုပ်နှံမှုတွေကို အားပေးဖို့ MIGA အနေနဲ့ စိတ်အားထက်သန်လျက်ရှိပါတယ်။ အထူးသဖြင့် အမျိုးသမီးတွေအတွက် အလုပ်နေရာတွေကို ဖန်တီးပေးနိုင်ပြီး အထူးလိုအပ်နေတဲ့ အခြေခံ အဆောက်အအုံတွေကို ထူထောင်ပေးနိုင်မယ့် ရင်းနှီးမြှုပ်နှံမှုတွေက မြန်မာနိုင်ငံရဲ့ သမိုင်းဝင်တဲ့ လက်ရှိ ပြောင်းလဲမှုတွေရဲ့ အသီးအပွင့်တွေကို လက်တွေ့ ဖြစ်လာဖို့ ကူညီပေးနိုင်ပါလိမ့်မယ်" ဟု မစ္စဟွန်ဒါက ပြောသည်။

မြန်မာနိုင်ငံ အစိုးရအနေနှင့် ပိုမို တိုးတက်လာစေရန် အတွက် စီးပွားရေး ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို တိုးမြှင့် ဆောင်ရွက်လျက်ရှိခြင်းကို အသိအမှတ်ပြုသော်လည်း စိန်ခေါ်မှုများလည်း ရှိနေသေးကြောင်း မစ္စဟွန်ဒါက ပြောကြားသည်။ " MIGA အနေနဲ့ ကမ္ဘာ့ဘဏ်အုပ်စုရဲ့ မိတ်ဖက်အဖွဲ့ကအစည်းတွေရယ်၊ အခြားသူတွေရယ် နဲ့ လက်တွဲပြီး စီးပွားရေး ပိုမို တိုးချဲ့နိုင်အောင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို အားပေးသွားမှာ ဖြစ်ပြီး ဒီ လုပ်ငန်း အစီအစဉ်တွေကို အထောက်အကူပြုနိုင်အောင် ဆောင်ရွက်သွားပါမယ်။" ဟု ဆက်လက် ပြောကြားသည်။

မြန်မာနိုင်ငံသည် မနှစ်က ဒီဇင်ဘာလတွင် MIGA ၏ ၁၈၀ မြောက် အဖွဲ့ဝင် နိုင်ငံ ဖြစ်လာခဲ့ပါသည်။

---

MIGA ကို ၁၉၈၈ ခုနှစ်တွင် ထွန်းသစ်စ စီးပွားရေးနိုင်ငံများ၏ စီးပွားရေး ဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှု လျော့ချရေးနှင့် ပြည်သူတို့၏ ဘဝကို မြှင့်တင်ရေးကို အထောက်အကူပြုနိုင်မည့် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများကို အားပေးရန်အတွက် ကမ္ဘာ့ဘဏ်အုပ်စု၏ အဖွဲ့ဝင်တစ်ခု အဖြစ် စတင် ထူထောင်ခဲ့သည်။ MIGA ၏ တာဝန်မှာ ရင်းနှီးမြှုပ်နှံကြသူများနှင့် ချေးငွေ ထုတ်ပေးကြသူတို့အတွက် နိုင်ငံရေး အန္တရာယ်များမှ အာမခံမှုနှင့် ချေးငွေ ထုတ်ပေးမှုကို မြှင့်တင်ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။

**MULTILATERAL INVESTMENT GUARANTEE AGENCY**
WORLD BANK GROUP
1818 H Street, NW, Washington, DC 20433

**MIGA** ကို ဆက်သွယ်ရန်
Mallory Saleson, msaleson@worldbank.org 1.202.473.0844
Rebecca Post, rpost@worldbank.org 1.202.473.1964
Cara Santos Pianesi, csantospianesi@worldbank.org 1.202.458.2097

**miga.org I miga-twitter I miga-linkedin**